ဘုမ္မာဝတီစာပေ


# မင်းသိင်္ခ

# ဗိုးသူတော်ကြီး နှင့် ကျွန်ုပ်

ဒုတိယအကြိမ်

"သန့်လျင်မြို့ ကျိုက်ခေါက်စေတီအနီးမှ
စေတီလေးနှစ်ဆူတွင် တွေ့ရသော
ဗိုးသူတော်ကြီးထံမှ
အံ့ဖွယ်ပညာရပ်များ ထိုမှတစ်ဆင့်"





ရှေးဟောင်း သမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၊ သန်လျင်မြို့





# အယူတော် မင်္ဂလာ

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဗုဒ္ဓံ ဓမ္မံ သံဃံ ပူဇေမိ

ရှိခိုးခြင်း ပဏာမ

ဘုရား၊ တရား သံဃာ တည်းဟူသော ရတနာသုံးပါးအား ရှိခိုးပြီး၍ မိခင်၊ ဖခင်တို့ နှင့်တကွ ကျွန်ုပ်အား လက္ခဏာဟောခြင်း အတတ်ကို တတ်စေခဲ့သော လက္ခဏာကျမ်းပြု ပုဂ္ဂိုလ်အသီးသီးအားလည်းကောင်း၊ ကြားဆရာ၊ မြင်ဆရာ အသီးသီးအားလည်းကောင်း၊ ကျွန်ုပ်၏ သင်ဆရာဖြစ်သော တောင်ကြီးမြို့နေ ဆရာဦးကျော်စိန်အားလည်းကောင်း၊ နဖူးမြေစိုက် ဦးခိုက်ညွတ်တွား၍ ပညာကို စောင့်ရှောက်သော သူရဿတီ နတ်သမီးအား အမွှေး၊ မီးတိုင်၊ ပန်းခိုင်တို့ နှင့် ပူဇော်ကာ ပညာလိုလား အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ အတွက် ရေးသားအပ်ပေသတည်း။

မင်းသိခ်

အမတ်လိမ္မာ အယူတော်မင်္ဂလာ၏ အတ္ထုပ္ပတ္တိအကျဉ်း

တစ်နေ့၌ ဒီပဲယင်းမြို့ စီရင်စုတွင် ပါဝင်သည့် ကြခပ်ဆိုသည့်ရွာကလေး၌ ကလေးသူငယ်တို့ သည် မည်သူ့ထံမှ ရရှိသည် မသိသော အောက်ဖော်ပြပါ သီချင်းကို သံပြိုင်သီဆို၍ ကသူက က၊ ခုန်သူက ခုန်လျက် မြူးထူးပျော်ပါး ဆော့ကစားကာ နေကြလေ၏။

**"ကြခပ်ရုံ ချုံပိတ်ပေါင်း၊ ကျေးသားခိုဝင်အောင်းပါလို့ လေ၊ အောင်းသည့်ကျေးသား၊ တံခွန်ဖျား၊ ကိုက်လွှားချီကာ မြန်းပါလို့ လေး"**

ထိုသို့ ကလေးများ မြူးထူးပျော်ပါး၍ သီချင်းဆိုနေကြသည် ကို

ကြားနေလျှင် ကြခပ်ရွာတွင် နေထိုင်ကြကုန်သော သက်ကြီးရွယ်အိုတို့သည် ...

"တဘောင်ပေါ်ပြီ၊ တဘောင်ဆိုတာဟာ နောင်အခါမှာ ဖြစ်လာမယ့် ဟိတ်ကိုဆောင်ပြီး ပေါ်ပေါက်လာတဲ့ သီချင်းကိုပြောတာပဲ၊ အခု က လေးတွေဆိုတာဟာ တို့ ကြခပ်ရွာအကြောင်းလည်း ပါတယ်၊ ဒါဟာ တဘောင်ဖြစ်ရမယ်" ဟု တစ်ဦးနှင့်တစ်ဦး ပြောဆိုကာ တဘောင်ကို အဓိပ္ပာယ်ဖွင့်ဆိုကြကုန်၏။

"ငါတို့ ဒီပဲယင်းနယ်၊ ကြခပ်ရွာမှ ကျေးသားလိမ္မာနဲ့ တူတဲ့ ပညာရှိယောကျာ်း ရောက်လိမ့်မယ်၊ အဲဒီလူဟာ တော်ရုံတန်ရုံ လူမျိုး မဟုတ်ဘူး ၊ တဘောင်မှာ က 'အောင်းသည့်ကျေးသား၊ တံခွန်ဖျား' လို့ ဆိုထားတယ်၊ ဒါကြောင့် တိုင်းပေါ်ပြည်ပေါ် ကျော်စောထင်ရှားမယ့် အာဂယောကျာ်း ဖြစ်လိမ့်မယ်" ဟု လည်း ကြခပ်ရွာမှ လူကြီးသူမတို့ သည် တဘောင်၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုကြကုန်၏။

အထက်ဖော်ပြပါ တဘောင်ပေါ်ပြီး များ မကြာမီအချိန်၌ပင် အသည်ဂန်ကြီး မဟာကျော်ထင်နှင့် မောင်နှမတော်စပ်သူ ကြခပ်ရွာနေ မမင်းလှသည် တစ်ညသ၌ ထူးဆန်းသော အိပ်မက်ကို မြင်မက်ခဲ့ပြန်၏။ အိပ်မက်မှာ အောက်ပါအတိုင်းဖြစ်လေသည် ။

အသက်အားဖြင့် (၃၀) ကျော် အရွယ်ခန့်ရှိ၍ ရုပ်ရည်ရူပကာလည်း လှပချောမောသည့် ပိတ်ဖြူစင်ကြယ် စလွယ်ကိုးဆင့် ဆင်မြန်းထားသည့် ပုဏ္ဏားတစ်ဦးသည် လက်၌ လည်း သပြေညွန့်၊ မြေစာညွန့်၊ ခရသင်းတို့ ကို ကိုင်ဆောင်လျက် မမင်းလှအား...

"ကျွန်ုပ်ကို နေခွင့်ပြုပါ" ဟု ခွင့်တောင်းလေ၏။ မမင်းလှကလည်း

"အမောင်ပုဏ္ဏားဆရာ၊ အဖော်မပါ တစ်ယောက်တည်း ရောက်လာ

ပေတယ်၊ ဘယ်မြို့ဘယ်ရွာကပါလဲ၊ ဘယ်လိုကိစ္စနဲ့ ရောက်လာပါသလဲ" ဟု ပြန်၍ မေးလိုက်မိလေ၏။

ထိုအခါ လှပချောမောသော ပုဏ္ဏားကလေးက မမင်းလှအား ဤသို့ ပြောလေ၏။

"ကျွန်ုပ်သည် မဇ္ဈိမဒေသ၊ မောရိယတိုင်းက ဖြစ်ပါတယ်။ လေးမျိုး လေးစားသော ပုဏ္ဏားမျိုးထဲမှာ ကျွန်ုပ်ဟာ ဗြဟ္မဏမျိုး ဖြစ်ပါတယ်၊ ပြီး တော့ ဗြဟ္မဏ ပုရောဟိတ်၊ ရာဇပုရောဟိတ်ရယ်လို့ နှစ်မျိုးနှစ်စားရှိ တဲ့ ပုရောဟိတ်ထဲမှာ မင်းတိုင်ပင် ပုရောဟိတ်မျိုး ဖြစ်ပါတယ်။ ကျွန်ုပ် ရဲ့ အနွယ်ကား ဒွိဟပယ် ဖြစ်မဆိုတတ်တဲ့ မျိုးဇာတ်အားဖြင့် ကောဏ္ဍ ည အမျိုးအနွယ်ပါ။ ကျွန်ုပ်လာရင်း အကြောင်းကတော့ သင်တို့ ရဲ့ ဦးစွန်းကျွန်း ကျွန်းတကာတို့ ရဲ့ ခွန်ဆက်ဖြစ်တော်မူတဲ့ ဘုရင်မင်းမြတ် ဟာ ကျွန်ုပ် အသက် (၁၉) နှစ် ရောက်တဲ့ အခါ ရာထူးဌာန နန္တရ ပေးသ နား မြှောက်စားတော်မူမယ်လို့ သိရတဲ့ အတွက် လာခဲ့တာပါပဲ"

မမင်းလှသည် ပုဏ္ဏားကလေး၏ စကားကို နားထောင်ပြီးနောက်. . .

"ယခုအခါမှာ ပုဏ္ဏားတော်လေးဟာ အသက်ဘယ်လောက်ရှိပါပြီလဲ " ဟု ပြန်၍ မေးလိုက်ရာ မောရိယတိုင်းမှ လာသည် ဆိုသော စလွယ်ကိုး ဆင့်တင် ပုဏ္ဏားတော်ကလေးက. . .

"ကျွန်ုပ်၏ အသက်ကို မေးတာလား၊ ကျွန်ုပ်ရဲ့ အသက်ဟာ ပလ္လင်ရဲ့ အရှင်သခင်ကို ဖွားတော်မူတဲ့ နေ့ကစပြီး ရေတွက်ရင် ပလ္လင်ပေါ်ထွက် တဲ့ နေ့ အထိရှိပါပြီ" ဟု ပြန်၍ ပြောလေ၏။

ထိုပုဏ္ဏားတော်ကလေး၏ အဖြေစကားမှာ ပလ္လင်၏ အရှင်သခင်ဖြစ် တော်မူသော ဘုရားအလောင်း ဖွားမြင်တော်မူလိုက်သည့်အချိန်မှ စ၍ အာပရာဇိ ပလ္လင်ပေါ်ပေါက်သည့်အချိန်ကို ဆိုလိုခြင်းဖြစ်ပေသည် ။

ထိုအခါ၌ မမင်းလှကလည်း ပုဏ္ဏားတော်ကလေး၏ ပဟေဠိဆန်ဆန်စကားကို အဓိပ္ပာယ်ပေါက်သွားသည့် အားလျော်စွာ..

''သြော်... ပုဏ္ဏားတော်ကလေးရဲ့ အသက် ၃၅ နှစ်ကိုး၊ ဒါနဲ့ နေပါဦး ပုဏ္ဏားတော်ကလေးရယ်၊ ဒီကိုမလာခင် ၃၅ နှစ်လုံးလုံး ဘယ်အရပ်ကို သွားပြီး ဘာတွေများ လုပ်နေပါသလဲ" ဟု ပြန်၍ မေးလိုက်မိလေ၏။

ထိုအခါ၌ မောရိယတိုင်းသား ပုဏ္ဏားတော်ကလေးသည် မမင်းလှ မေးသည် ကို ဖြေဆိုခြင်းမပြုတော့ဘဲ. . .

"အနာဂတေ ဇာနိဿမိ"

"အနာဂတေ ဇာနိဿမိ"

"အနာဂတေ ဇာနိဿမိ"

ဟု သုံးကြိမ်သုံးခါ ကြွေးကြော်ရွတ်ဆိုပြီးလျှင် ၎င်း၏ လက်တွင်းမှ ခရုသင်းဖြင့် မမင်းလှ၏ လက်ျာနံစောင်းကို ထိုး၍ ဖွင့်ပြီးလျှင် မမင်းလှ ၏ ဝမ်းဗိုက်တွင်းသို့ ဝင်လေတော့၏။

မမင်းလှသည် အထက်ပါ အိပ်မက်ကို မြင်မက်သဖြင့် လန့်၍ နိုးကာ ယောင်ယမ်း၍ အော်ဟစ်လေတော့၏။ ၎င်း၏ ယောက်ျားဖြစ်သူ ကိုရွှေညိုလည်း

"မမင်းလှ ဘာဖြစ်တာလဲ" ဟု မေးလေ၏။

မမင်းလှမှာ မူ ကြောက်လန့်၍ ငိုကြွေးနေလေ၏။ ထို့ကြောင့် အိမ်သူအိမ်သားများ လည်း နိုးကြရလေတော့၏။ အကျိုးအကြောင်းကို ဝိုင်းဝန်းမေးကြလေ၏။ မမင်းလှက ၎င်းမြင်မက်သော အိပ်မက် အကြောင်းကို ပြောပြလေ၏။ ထိုအခါ၌ ဆွေမျိုးမိဘများက. . .

"ဟဲ့..ဟဲ့.. ဒီအိပ်မက် သိပ်ဆန်းတယ်၊ ဒီအိပ်မက်မျိုးကို နိမိတ်ဖတ်ဖို့ ဟာက ငါတို့ အရာ မဟုတ်ဘူး ။ ဘုန်းတော်ကြီးဆီကို သွားရမယ်"ဟု ဆိုကာ မမင်းလှအား ဆရာတော်ထံသို့ ခေါ်သွားလေ၏။ ဆရာတော်ထံ ရောက်လျှင် မမင်းလှ မြင်မက်သော အိပ်မက်ကို ဆရာတော်အား အပြည့်အစုံ လျှောက်ထားလေ၏။ ဆရာတော်လည်း သေချာစွာနားထောင်ပြီးနောက်. . .

"ဒီလိုရှိတယ် မမင်းလှရဲ့ လက်ယာနံစောင်းကို ခရုသင်းနဲ့ ဖွင့်ပြီး မဂေင်ခင်မှာ ပုဏ္ဏားတော်လေး ကြွေးကြော်ရွတ်ဆိုတဲ့ သုံးခွန်းသော စကားဟာ "**အနာဂတေ ဇာနိဿမိ" အနာဂတ်ကာလ၌ ဇာနိဿမိ' သိကြကုန်လတ္တံ့** ရယ်လို့ ဖြစ်တယ်၊ နောင်တွင် ငါ့အကြောင်းကို ကောင်းကောင်း ကြီး သိရမယ်ဆိုတဲ့ သဘောပဲ၊ ဒီတော့ ထူးမြတ်တဲ့ သန္တေသားကို ရမယ့်အတိတ်နမိတ်မျိုးပဲ" ဟု နိမိတ်ဖတ်ပေးခဲ့လေ၏။

ထို့နောက်တွင် ကား မမင်းလှသည် အမှန်တကယ် ကိုယ်ဝန်ရရှိလေတော့၏။ ထိုသို့ ကိုယ်ဝန်ရရှိပြီး နေ့လစေ့မြောက်သော် ကောဇာသက္ကရာဇ် ၁၁၂၄ ခု၊ နယုန်လပြည့်ကျော် (၁၀) ရက်၊ အင်္ဂါနေ့နံနက် နေတက်အချိန်၌ ထူးဆန်းသော သားရတနာကို ဖွားမြင်လေတော့သည် ။

ထိုကလေးအား အိပ်မက်နိမိတ်ဖတ်ပေးခဲ့သော ဆရာတော်ကပင် မိခင်အား အိပ်မက်ဖြင့် လန့်၍ နိုးစေခဲ့သည် ကို အကြောင်းပြု၍ '**မောင်နိုး**' ဟူ၍ ပင် အမည်ပေးကင်ပွန်းတပ်ခဲ့လေ၏။

၎င်းမောင်နိုးသည် အသက် ၁၄ နှစ်သားအရွယ်၌ 'ဘုံသာတုလွတ်' ဆရာတော်ထံတွင် ကိုရင်ဝတ်လေ၏။ ကိုရင်ဘွဲ့မှာ 'ဇာဂရောဘာသ' ဟူ၍ ဖြစ်၏။ ကိုရင်မဝတ်မီ၌ သဒ္ဒါ၊ သင်္ဂြိုဟ် သင်ခဲ့ပြီးရုံမျှမက ဗေဒင်လက်ရိုးကို ညက်ညက်ကြေအောင် သင်ခဲ့ပြီး ဖြစ်၏။ ကိုရင်ဘဝ၌ သုံး

နှစ် နေထိုင်ခဲ့ပြီးနောက် လူထွက်ပြီးလျှင် ၎င်း၏ ဘကြီးတော် အသည် ဂ န်ကြီးက မောင်နိုးအား တရားရေးဌာနချုပ်ဂန်ကြီး သတိုးမဟာသီဟသူ ထံတွင် အပ်နှံခဲ့လေသည် ။

၎င်းမောင်နိုးသည် စာစီစာကုံး၊ သတ်ပုံသတ်ညွှန်း၊ သတ်ထုံးတို့ ကို ကျွမ်းကျင်၏။ ဝါကျအရေးအဖွဲ့ ကောင်း၏။ (စာရေးကောင်းသည် ဟု ဆိုလိုခြင်းဖြစ်သည် ) ထို့ကြောင့် မောင်နိုးအား ကောဇာသက္ကရာဇ် ၁၁၄ ၃ ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်တော်မူသော အမရပူရ ပထမမြို့တည် နန်းတည်ဘဂရင် မင်းတရားကြီးက ကောက်ယူတော်မူပြီးလျှင် 'နေမျိုး လေခပျံချီ" ဘွဲ့ကိုပေး၍ အမှာ တော်ရေးရာထူး ခန့်လေတော့သည် ။ (မ မင်းလှ၏ အိပ်မက်သည် အတိအကျ မှန်ကန်နေပြီ ဖြစ်၏။ အသက် ဆယ့်ကိုးနှစ်အရွယ်၌ ဘုရင်မင်းမြတ်၏ မြှောက်စားခြင်းခံရမည်ဟု မောရိယတိုင်းသား ပုဏ္ဏားတော်ကလေး၏ စကားအတိုင်းဖြစ်နေပေသ ည် ။)

၎င်းမောင်နိုးသည် အထက်၌ ဆိုခဲ့သည့်အတိုင်း သတ်ပုံ သတ်ထုံး နားလည်၍ စာရေးကောင်းသည် သာမဟုတ်ပေ။ အတိတ်ကောက်၊ နိမိ တ်ကောက်လည်း လွန်စွာမှ ပင်တော်လေ၏။

နောင်တွင် မင်းတရားကြီးရှေ့မှောက်၌ ခစား၍ အတိတ်နိမိတ်များ ကောက်ပေးရလေသည် ။ ၎င်းကောက်သမျှသော အတိတ်နိမိတ်တို့ သည် မှန်သည် ချည်း ဖြစ်၏။ ထို့ကြောင့် ဘဂရင်မင်းတရားကြီးက 'အ ယူတော်မင်္ဂလာ' ဟူသောဘွဲ့ကို ပေးသနား၍ ဆားတောင်မြို့ကို အပိုင် စား ပေးသနားတော်မူခဲ့လေသည် ။

ထို့ကြောင့် လက္ခဏာပညာ၌ ဝါသနာပါကုန်ကြသော သူတို့ အား စေ တနာကောင်း အကြံပေးလိုသည် မှာ အတိတ်၏ ၊ နိမိတ် စသည် တို့ ကို

အလေ့အကျင့်ပြု၍ ကောက်ကြည့်ရပေမည်။ ထိုသို့ ကောက်ကြည့်ရာ၌ မှန်သည့်အခါလည်း မှန်ပေမည်။ မမှန်သည့်အခါလည်း ရှိပေမည်။ စိတ်မပျက်စေလိုပါ။ စွဲစွဲမြဲမြဲ လေ့ကျင့်သွားပါက တဖြည်းဖြည်း မှန်၍ လာသည် ကို အံ့သြဖွယ်ရာ တွေ့မြင်ရမည်ဖြစ်သည် ။

***



(အယူတော်မင်္ဂလာ၏ အတ္တုပ္ပတ္တိနှင့် ၎င်းကောက်ယူခဲ့သော အတိတ်၊ တဘောင်များ အကြောင်း အသေးစိတ်သိလိုပါလျှင် 'ကဝိသာရမဥ္ဇူသာကျမ်း' ခေါ် အယူတော်မင်္ဂလာ လျှောက်ထုံးစာအုပ်ကို ဖတ်ရှုစေလိုပါသည် ။)